
မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ____ Volume 5/ Issue 4/ April / 2012*

## ရှင်ပြန်ထမြောက်တော်မူပြီ†




သခင်ယေရှုခရစ်၏ ရှင်ပြန်ထမြောက်တော်မူရာ အကြောင်းများကို ပြန်လည်ကာဆင်ခြင်သုံးသပ်ကြပါစို့။

သေသောသူ ပြန်ရှင်လာသည့်အကြောင်းကို ကြားရသည်မှာ မဆန်းတော့ပေ။

ဓမ္မဟောင်းကျမ်းထဲတွင် မုဆိုးမ၏သားသေဆုံးရာ ပရောဖက်ကြီးဧလိယသည် သူငယ်၏ဝိညာဉ်ကို တဖန်ဝင်စေတော်မူပါဟု ထာဝရဘုရားကိုကြွေးကြော်ရာ သူငယ်၏ဝိညာဉ်သည် ဝင်သဖြင့်၊ ထိုသားကို အသက်ရှင်စေပါ၏။

ဓမ္မသစ်ကျမ်းတွင် သေဆဲရှိနေသော အရာရှိတစ်ယောက်၏ သမီးလက်ကို သခင်ယေရှုကိုင်တော်မူသည်တွင် သူမသည်ရှင်ပြန် ထလေ၏။ တဖန် သခင်ယေရှု သည် သေဆုံးသွားသော လာဇရုကကို သင်္ဂြိုဟ်၍ သင်္ချိုင်းတွင်း၌ လေးရက်လွန်လေပြီးမှ ပြန်ရှင် စေသည့်အကြောင်းကိုလည်း ကြားဖူးကြပါ၏။ ဤပြန်ရှင်ခြင်းကား လူအပေါင်းတို့သည် သေခြင်းတရားကို မလွန်ဆန်နိုင်သောကြောင့် ခန္ဓာကိုယ် သေဆုံးသဖြင့် မြေမှုန့်သို့ ပြန်ရောက်ရကြပါ သည်။

သို့သော် သခင်ယေရှုခရစ်၏ ရှင်ပြန်ထမြောက်တော်မူခြင်းကား ထိုကဲ့သို့မဟုတ် တစ်မူထူးခြားပေ၏။ သခင်ယေရှုခရစ်၏ ရှင်ပြန်ထမြောက်တော်မူခြင်းသည် သေခြင်းကင်းသော ထာဝရအသက်ရှင်ခြင်း ဖြစ်သည်။ သခင်ယေရှုခရစ်သည် သေခြင်းကို အောင်မြင်တော်မူသည် နည်းတူလူအပေါင်းတို့သည် မသေနိုင်သောအဖြစ်သို့ ဝင်စားရ၍ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်လေပြီ။ လူအားဖြင့် သေခြင်းတရားသည်တည်သကဲ့သို့၊ သေသောသူတို့၏ထမြောက်ခြင်းတရားသည်လည်း သခင်ယေရှုအားဖြင့် တည်လျက်ရှိသည်။ သခင်ယေရှုခရစ်ကို ယုံကြည်သောအားဖြင့် လူအပေါင်းတို့အား အောင်ခြင်းအခွင့်ကိုပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှစွတကား။ ယခုတွင် သခင်ယေရှုခရစ်တော်ကို ရှင်ပြန်ထမြောက်စေတော်မူပြီဟု ကျွန်ုပ်တို့၏အဘဘုရားသခင်အကြောင်းကို သက်သေခံပါ၏။ ။

## သင်္ချိုင်းတွင်းမှထမြောက်ပြီ။

မဿဲ၊ ၂၈း၁–၈။ မာကု၊၁၆း၁–၈။လုကာ၊ ၂၄း၁–၁၁။ယောဟန်၊၂၀း၁–၁၀။

ဥပုသ်နေ့လွန်၍ ခုနစ်ရက်တွင် ပဌမနေ့ရက် မိုဃ်းလင်းအံ့ဆဲဆဲ အချိန်၌၊ မာဂဒလမာရိနှင့် အခြားသောမာရိသည် သင်္ချိုင်းတော်ကို အကြည့်အရှုသွားကြ၏။ ထိုအခါ မြေကြီးသည်ပြင်းစွာလှုပ်လေ၏။ အကြောင်းမူကား၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ကောင်းကင်ဘုံမှဆင်းလာ၍၊ တွင်းဝ၌ပိတ်သော ကျောက်ကို လှိမ့်လှန်ပြီးလျှင်၊ ထိုကျောက်ပေါ်မှာ ထိုင်နေ၏။ သူ၏မျက်နှာသည် လျှပ်စစ်ကဲ့သို့ ထင်၏။ အဝတ်သည်လည်း မိုဃ်းပွင့်ကဲ့သို့ ဖြူ၏။ လူစောင့်တို့သည် ကောင်းကင်တမန်ကို ကြောက်ရွံ့သဖြင့် တုန်လှုပ်၍ သေမတတ်ဖြစ်ကြ၏။ ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာ သတ်သော ယေရှုကို သင်တို့ရှာကြသည်ကို ငါသိ၏။ ဤအရပ်၌မရှိ။ မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ။ လာကြ၊သခင်လျောင်းတော်မူရာ အရပ်ကို ကြည့်ကြလော့။ အလျင်အမြန် ပြန်သွား၍ သေခြင်းမှ ထမြောက်တော်မူကြောင်းကို တပည့်တော်တို့အား ပြောကြလော့။ သင်တို့ရှေ့ ဂါလိလဲပြည်သို့ ကြွတော်မူမည်။ ထိုပြည်၌ သင်တို့သည် ကိုယ်တော်ကို တွေ့မြင်ရကြလိမ့်မည်၊ ငါပြောပြီဟု ထိုမိန်းမတို့အားကောင်းကင်တမန်ဆို၏။

မာဂဒလမာရိသည် သင်္ချိုင်းတော်သို့သွား၍ တွင်းဝ၌ပိတ်သောကျောက်သည် ရွေ့လျက်ရှိသည်ကိုမြင်လျှင်၊ ရှိမုန်ပေတရုနှင့် ယေရှုချစ်တော်မူ သော အခြား တပည့်တော်ဆီသို့ ပြေးသွား၍သင်္ချိုင်းတော်မှ သခင်ကို ယူသွား ကြပြီ။ အဘယ်မှာထားကြသည်ကို မသိဟုပြောဆို၏။ ထိုအခါပေတရုနှင့် အခြားသောတပည့်တော်သည် ထွက်၍သင်္ချိုင်းတော်သို့ သွားကြ၏။ထိုသူနှစ်ယောက်တို့သည် အတူပြေးသည်တွင် အခြားသော တပည့်တော်သည် ပေတရုကိုလွန်၍ သင်္ချိုင်းတော်သို့အရင်ရောက်သည် ရှိသော် ငုံ့၍ကြည့်သဖြင့်၊ ပိတ်ပုဆိုးရှိရစ်သည်ကို မြင်လျှင်၊ မဝင်ဘဲနေ၏။ ရှိမုန်ပေတရုသည် နောက်သို့ လိုက်၍ ရောက်သောအခါ တွင်းထဲသို့ဝင်လျှင်၊ ပိတ်ပုဆိုးရှိရစ်သည်ကိုင်း၊ ခေါင်းတော်၌ရှိသော ပဝါသည် ပိတ်ပုဆိုးနှင့်အတူ မရှိဘဲ တခြားစီလိပ်လျက် ရှိသည်ကိုငင်းမြင်လေ၏။ ထိုအခါ သင်္ချိုင်းတော်သို့ အရင်ရောက်သော အခြားတပည့်တော်သည် ဝင်၍မြင်သဖြင့် ယုံလေ၏။ ကိုယ်တော်သည် သေခြင်းမှထမြောက်ရမည်ဟူသော ကျမ်းစကားကိုတပည့်တော်တို့သည် နားမလည်ကြသေး။ နောက်မှ ထိုသူနှစ်ယောက်တို့သည် မိမိတို့အပေါင်းအသင်း ရှိရာသို့ ပြန်သွားကြ၏။ ။

# တရားရုံးတော်မှ →→→ ကရာနီကုန်းသို့



ရှိမုန်အမည်ရှိ ကုရေနေပြည်သားတစ်ယောက်ကို အနိုင်ပြု၍ လက်ဝါးကပ်တိုင်တော်ကို ထမ်းစေကြ၏။
မာကု၊ ၁၅း၂၁

သမိုင်းမှတ်တမ်းတွင် ယဇ်ပုရောဟိတ်အကြီးတို့သည် မင်းအရာရှိ၊ လူများတို့ကိုခေါ်၍၊ မနာလိုသောစိတ်နှင့် များစွာသောအပြစ်ကိုဖေါ်လျက် သခင်ယေရှုကို ရုံးတော်သို့တင်သောအခါ ပိလတ်မင်းက "ပြည်သူပြည်သားများကို ထကြွပုန်ကန်စေသောသူကဲ့သို့ ဤလူကိုသင်တို့သည် ငါ့ထံသို့ ပို့ဆောင်ကြပြီ။ သင်တို့ရှေ့မှာ ငါစစ်ကြောသော်လည်း၊ သင်တို့တင်သော အပြစ်တစ်စုံ တစ်ခုကိုမျှ ထိုသူ၌ငါမတွေ့"ဟုဆိုလျက်၊ ပိလတ်မင်းသည် သခင်ယေရှုကို လွှတ်ချင်သောကြောင့် "သူ့ကိုငါဆုံးမ၍လွှတ်မည်"ဟုဆိုပြန်လေ၏။

လူများတို့ကလည်း၊"ထိုသူကိုလက်ဝါးကပ်တိုင်မှာရိုက်ထားပါ၊ရိုက်ထားပါ"ဟုဟစ်ကြော်ကြ၏။ ပိလတ်မင်းက၊ "ထိုသူသည် အဘယ်အပြစ်ကိုပြုဘိသနည်း။ သေထိုက်သောအပြစ် တစ်စုံတစ်ခုမျှသူ၌ငါမတွေ့။ ထိုကြောင့် သူ့ကိုငါဆုံးမ၍လွှတ်မည်"ဟုသုံးကြိမ်တိုင်အောင်ဆိုလျှင်၊လူများတို့သည် ထိုသူကိုလက်ဝါးကပ်တိုင်မှာရိုက်ထားစေခြင်းငှါ ကြီးစွာသောအသံနှင့် ကျပ်ကျပ်တောင်းသဖြင့်၊ သူတို့၏အသံနှင့် ယဇ်ပုရောဟိတ်အကြီးတို့၏အသံသည် နိုင်လေ၏။

ပိလတ်မင်းသည်လည်း လူအများ တောင်းဆိုသည့်အတိုင်း ဖြစ်စေရန် အလို့ငှါစီရင်၍၊ ပုန်ကန်ခြင်းအပြစ်၊ လူအသက်ကိုသတ်ခြင်း အပြစ်ကြောင့် ထောင်ထဲမှာလှောင်ထားသော ဗာရဗ္ဗကိုလွှတ်ပြီးမှ၊ ယေရှုကို လူအပေါင်းတို့အလိုသို့ အပ်လိုက်လေ၏။

ထိုနောက် ကိုယ်တော်နှင့်အတူလူဆိုးနှစ်ယောက်တို့ကိုလည်းသတ်အံ့သောငှါထုတ်သွားကြ၏။ စစ်သူရဲတို့သည် ကိုယ်တော်ကို ပြဲတောရိရုံးတည်းဟူသော အိမ်တော်ဦးအတွင်းသို့ဆောင်သွား၍၊ စစ်သူရဲတစ်တပ်လုံးကို စုရုံးစေပြီးမှ၊ ကိုယ်တော်အား နီမောင်းသော အဝတ်ကို ဝတ်စေ၍၊ ဆူးပင်နှင့်ရက်သော ဦးရစ်ကိုတင်၍ ဆောင်းစေပြီးလျှင်၊ ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟု ကောင်းကြီးစကားကိုဆို၍ မထီမဲ့မြင်ပြုကြပြီး၊ ခေါင်းတော်ကို ကျူလုံးနှင့်ရိုက်ခြင်း၊ တံထွေးနှင့်ထွေးခြင်း၊ ရှေ့တော်မှာ ဒူးထောက်ပြပ်ဝပ်လျက် ကဲ့ရဲ့ပြက်ယယ်ပြုကြသည်။ နောက်မှ နီမောင်းသောအဝတ်ကိုချွတ်၍ အဝတ်တော်ကို ဝတ်ပြန်စေပြီးလျှင်၊ လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းငှါ ထုတ်သွားကြ၏။

ကရာနီလမ်းပေါ်တွင် တောရွာမှလာ၍ လမ်း၌သွားနေသော သူတစ်ယောက်ကို စစ်သူရဲတို့သည် တွေ့လျှင်၊ ဖမ်းဆီး၍ သွေးများယိုစီးနေသော ကိုယ်တော်၏ပုခုံးထက်မှ လက်ဝါးကပ်တိုင်ကို မ,ယူပြီး အနိုင်အထက်ပြုကာ လက်ဝါးကပ်တိုင်တော်ကိုထမ်းစေကြ၏။ ထိုသူသည် ကုရေနေပြည်သား ရှိမုန် ဖြစ်၏။ အာလေဇန္ဒြုနှင့်ရုဖု၏အဘဖြစ်ပါသည်။

ရှိမုန်သည် အပြစ်နှင့်ကင်းစင်သော မိမိတို့၏သခင်အား ရာဇဝတ်သား ဗာရဗ္ဗ၏ နေရာတွင် လူအများတောင်းဆိုချက်အရ လက်ဝါးကပ်တိုင်မှာရိုက်၍သေခံရမည့်သတင်းကို ကြားရမည်။ ရှိမုန်သည် ထိုသတင်းစကားကို သူ၏သားများထံမှသော်၎င်း၊ ယုံကြည်သူတပည့်တော်များထံမှ သော်၎င်း၊ ကြားသိနိုင်ချေ ရှိပါသည်။ သို့တည်းမဟုတ် သန့်ရှင်းသောဝိညာဉ်တော်၏ လှုပ်ရှားမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ရှိမုန်သည် သတင်းကြားလျှင် မဆိုင်းမတွ ချက်ခြင်းပင် သခင်ကို တွေ့ရန် ယေရုရှလင်မြို့သို့ အရောက်လာမည်။ ထိုသို့မဟုတ် ပသခါပွဲတော် အချိန်အခါဖြစ်၍ ယေရုရှလင်မြို့၌ တောရွာမှညှေ့သည် တစ်ဦးအနေဖြင့် ရှိကောင်းရှိနေမည်။

သခင်ယေရှုသည် ကရာနီကုန်းသို့ သွားရာလမ်းတလျှောက်မှာ သွေးများယိုစီးလျက် ဝေဒနာကို ကြိတ်မှိတ်ခံစားကာ မိမိ၏လက်ဝါးကပ်တိုင်ကို ကိုယ်တိုင်ထမ်းနေရသည်မှာ မသက်သာလှပေ။ နောက်တော်၌ လိုက်လာသောလူအုပ်ကြီးထဲတွင်၊ သခင့်ဝေဒနာကြောင့် ငိုကြွေးမြည်တမ်းနေကြသော မိန်းမအချို့လည်းပါသည်။ ထို့အတူ ပင်ပမ်းမှုဒဏ်ကြောင့် မောပန်းနွမ်းနယ်နေသောသခင်ယေရှုကို ရောမစစ်သားများလည်း သတိပြုမိ၏။ သခင်ယေရှု၏အခြေအနေ ယိုင်လဲနေပုံကိုသိသော ရောမစစ်သားသည် နောက်တော်လိုက်လူအုပ်ထဲမှ ရှိမုန်ကို ဆွဲထုတ်ကာ သခင်၏ လက်ဝါးကပ်တိုင်ကို သူ့ပုခုံးပေါ်သို့လွှဲတင်၍ ထမ်းစေသည်။ ရှိမုန်သည်လည်း ဘာတစ်ခွန်းကိုမျှ ပြန်မပြောဘဲ ကြည်ဖြူစွာ ကူ၍ထမ်းပေးသည်။

ထိုကုရေနေပြည်သားရှိမုန်ဆိုသူသည် သခင်ယေရှု၏တမန်တော်(၁၂)ပါးအဝင် မဟုတ်ပါ။ တမန်တော်များမှာ မိမိတို့၏သခင် ဒုက္ခနှင့်ရင်ဆိုင်တွေ့ကြုံစဉ်အခါ သူတို့၏စိတ်ဝိညာဉ်သည် စေတနာရှိငြားသော်လည်း ကိုယ်ခန္ဓာမှုကား အားနည်းသောသူများ ဖြစ်ကြပါသည်။ ကုရေနေပြည်သားရှိမုန်ဆိုသူကား ထိုသို့မဟုတ်။ သခင့်အပေါ်တွင် သူ၏စိတ်ဝိညာဉ် စေတနာရှိသည် အတိုင်း ကိုယ်ခန္ဓာအားကြီးသောသူဖြစ်သောကြောင့် နောက်တော်လိုက် မြောက်များစွာသော လူအုပ်ကြီးထဲမှ သခင့်ကားတိုင်ကို ကူထမ်းရန် ရွေးချယ်ခံရပါသည်။

ဤသည်ကား လွန်စွာထူးခြားသော အခွင့်အရေးတစ်ရပ် ဖြစ်သည်။ သမိုင်းတခေတ်တွင် သူတစ်ဦးတည်းသာ ရရှိသည်။ မိမိအပါအဝင် လူသားအပေါင်းတို့၏ ပြစ်ကြွေးကို ဆပ်ပေးမည့်အကြောင်းဂဏ္ဍကို ကြိုသိနေလျှင် လူတိုင်းဝင်ကူ၍ ထမ်းခြင်ကြမည်။ သို့သော် ရှိမုန်၏ စိတ်စေတနာ ဖြူစင်မှုကို ဘုရားသခင်နှစ်သက်တော်မူသောကြောင့် ထိုအခွင့်အရေးကို ရရှိခြင်းဖြစ်နိုင်ပါသည်။

ကုရေနေပြည်သားရှိမုန်သည် သခင့်ကားတိုင်ကိုထမ်းကာ မိမိသခင်နှင့်အတူ ဦးခေါင်းခွံအရပ်ဟုဆိုလိုသော ဂေါလဂေါသအမည်တွင်သည့် ကရာနီကုန်းသို့ အရောက်သွားခဲ့သည်။ ။

# အိမ်အပြန် ကားတိုင်လမ်း



လောကမှာလူ့ဘဝအသက်တာရဲ့ အရေးကြီးဆုံးအရာဟာ ချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်။ ရှေးဦးစွာသော မေတ္တာဟာ ဘုရားသခင်ထံတော်မှ ရရှိခြင်းဖြစ်ပါတယ်။ လောကသားများအပေါ် ထားတဲ့ ဘုရားသခင်ရဲ့ ကြီးမြတ်တဲ့မေတ္တာ သက်သေတစ်ခုကတော့ .......

❖❖ *ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော၊၃း၁၆၊*

ဘုရားသခင်အတွက် လူသားတိုင်းဟာ တန်ဘိုးကြီးမားပါတယ်။ လူတိုင်းကိုလည်း ချစ်ပါတယ်။ ဒါ့ကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပျက်စီးစေလိုပါ။
အဘဘုရားရဲ့ တစ်ပါးတည်းသောသားတော်ရှင်သခင်ယေရှုဟာ လူသားတွေအပေါ် အစေခံဖို့နဲ့ ပေးဆပ်ဖို့ရန်အတွက် မေတ္တာနဲ့ ကျေးဇူးပြုခဲ့တဲ့အရာကို ကြည့်မယ်ဆိုရင် ...

❖❖ *ငါတို့သည်အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ ရောမ၊ ၅း၈၊*

ခရစ်တော်ဟာ အပြစ်နွံ့တွင်းမှာ ရှိနေကြတဲ့ အပြစ်သားတွေရဲ့ ဘဝကို ချစ်လွန်းလို့ နှမြောတသစွာဖြင့် ကားတိုင်ပေါ်မှာ အသွေးတော်ဖြင့် ပေးဆပ်ကာ ရွေးနှုတ် ခဲ့ပါတယ်။

❖❖ *ရွှေငွေအစရှိသော ဖောက်ပြန်ပျက်ဆီးတတ် သောဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူ၏။ ၁ပေ၊ ၁း၁၉*

ဤလောက၌ သခင်ယေရှု အသက်တော်ထင်ရှားရှိစဉ်၊ မိန့်မှာခဲ့သည်မှာ–" ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သော လမ်းနှင့်တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သော လမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်ကြသောသူတို့သည် နည်းကြ၏။" ကျဉ်းသောတံခါးနှင့်ကျဉ်းသောလမ်း ဆိုသည်မှာ လူသားတိုင်းရဲ့ အပြစ်အဘိုးအခကို ပေးဆပ်ဘို့ရန်အတွက် သခင်ယေရှုကိုယ်တော်တိုင် သူ့ကို သံမှိုရိုက်ပြီး အသေသတ်မဲ့ကားတိုင်ကို ထမ်းပြီးလျှောက်ခဲ့တဲ့ ကရာနီကုန်းပေါ်သွားရာ ဝေဒနာလမ်း၊ အသေခံယာဇ်အဖြစ် ပူဇော်ခံရာလမ်းဖြစ်ပါတယ်။ လောကသားအပေါင်းတို့ အသက်ရှင်စဉ်အချိန်မှာ ကျွန်ုပ်တို့၏အလိုဆန္ဒ၊ ဇာတိပကတိသဘောကိုငြင်းပယ်ပြီး၊ ဘုရားရှင်၏အမိန့်တော်ကို နာခံလိုက်လျှောက်ကာ သွားရမဲ့လမ်းဖြစ်တယ်။

❖❖ *ယေရှုက၊ ငါ့ခြံဆည်းကပ်လိုသောသူ ဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါး ကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ (မဿဲ၊ ၁၆း ၂၄)*

ထို့ကြောင့် ကျွန်ုပ်တို့ဟာ ကားတိုင်တော်ကို စေ့စေ့မျှော်ကြည့်လျှက် သခင်ခရစ်တော်၏ကားတိုင်လမ်းစဉ်အတိုင်းလိုက်လျှောက်ရပါမယ်။ ကျွန်ုပ်တို့လျှောက်ရမဲ့ကားတိုင်လမ်းဟာ အပြစ်သားဘဝဟောင်းမှ လွတ်ခြင်းအခွင့်ကို ရရှိတဲ့ ထာဝရနိုင်ငံတော်သို့ ဝင်မဲ့လမ်းဖြစ်ပါတယ်။ တနည်းအားဖြင့် လူဟောင်းဘဝကိုချွတ်ပြီး လူသစ်ကို ဝတ်ဆင်ဘို့ပါဘဲ။

လောကကြီးမှာ ...
လူအများစုက ကားတိုင်လမ်းအကြောင်းကို ဂရုမစိုက် အလေးမထားကြပါဘူး။
အချို့က ကားတိုင်လမ်းအကြောင်း သိသလိုလိုနဲ့ သူတို့ လျှောက်နေတဲ့လမ်းက မှားနေကြပါတယ်။
အချို့ကြပြန်တော့လည်း လမ်းခုလတ်မှာဘဲ စိတ်ပျက်စွာနဲ့ နောက်ပြန်ဆုတ်သွားသူတွေ ရှိပါသေးတယ်။
ဒီလိုလူတွေကတော့ အပြစ်သားဘဝဟောင်းမှာဘဲ ကျင်လည်နေပြီး၊ အပြစ်သားတို့သွားရာ လမ်းမှာဘဲ လမ်းဆုံးကြမှာပါ။

တကယ်တော့ ဘုရားရှင်ထံ အရောက်သွားဘို့လမ်းက ကားတိုင်လမ်းပါဘဲ။
ကားတိုင်လမ်းဖြင့်သာ အိမ်သို့ပြန်ရောက်နိုင်သည်။ သည့်ပြင်အခြားလမ်းမရှိ။
ကားတိုင်လမ်းအကြောင်း၊ သိဘို့ရန်လွန်ကောင်း၊ ကားတိုင်လမ်းဖြင့် အိမ်ရောက်သည်။

ကားတိုင်လမ်းဖြင့်အိမ်ရောက်နိုင်တာ သိပေမဲ့လည်း ...
ကားတိုင်ကလေးလွန်းလို့ မထမ်းနိုင်တဲ့ သူတွေလည်းရှိကြပါသေးတယ်။
သူတို့ရဲ့ကားတိုင်က ဘာ့ကြောင့် လေးနေရတာလဲ။ ???

❖❖ *အကြင်သူသည် ငါ့ထံသို့လာ၍ မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုငှင်း၊ ထိုမျှမက မိမိအသက်ကိုငှင်း မမုန်း၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။ အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။ လုကာ၊ ၁၄း ၂၆–၂၇*

ကားတိုင်ထမ်းခြင်းအရာမှာ ငါ့မိဘ၊ ငါ့သားမယား၊ ငါ့ညီအစ်ကိုမောင်နှမ၊ ငါ့ပစ္စည်း၊ ငါ့ပိုင်ဆိုင်၊ ငါ့ဆန္ဒတွေ အပြင်၊ ငါ့အသက် စသည့် ငါတည်း ဟူသော အတ္တသဘောတွေပါ ထပ်ဆင့်၍ ထမ်းနေလို့ လေးနေတာပါဘဲ။ ဒီလိုသာထမ်းနေမယ်ဆိုရင် ခရစ်တော်၏ တပည့်မဖြစ်နိုင်သလို၊ လိုရာခရီး ပန်းတိုင်ကို ရောက်ဖို့ရန် အလွန်ပင် ခဲယဉ်းလှပါတယ်။ လောကီတပ်မက်ခြင်း၊ ကာမဂုဏ်မွေ့လျော်ခြင်း မှစသည့် ဇာတိပကတိစိတ်များကြောင့် သင့်ရဲ့ကားတိုင် လေးနေခဲ့ပါလျှင် သင့်ရဲ့အလိုဆန္ဒတွေကိုငြင်းပယ်ပြီး၊ သင့်အတ္တစိတ်ကိုသာ ဘေးဖယ်လိုက်ပါ။ ... သို့မှသာ၊ သင့်လက်ဝါးကပ်တိုင်ကိုထမ်း၍ သခင်နောက်တော်လိုက်တပည့်ဖြစ်မည်။

ထို့အပြင် ... ကားတိုင်ကို ဖြတ်ပစ်လိုသူတွေလည်း ရှိကြပါသေးတယ်။
သူတို့တွေ ဘာ့ကြောင့် ကားတိုင်ကို ဖြတ်ပစ်ခြင်ရတာလဲ။ ... ???
အဖြေကတော့ ...

> ခရစ်တော်နည်းတူ ကားတိုင်ထမ်းပြီး လျှောက်ရာ ဝေဒနာလမ်းမှာ ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်း ... စသည်တို့ကို မခံစားလိုတဲ့အတွက် ထိုအရာများကို ဖြတ်ပစ်လို ကြတာပါဘဲ။

အကယ်၍ ... ကားတိုင်ကို ဖြတ်လိုက်လို့ ဝန်ပေါ့သွားမယ်လို့ သင်ထင်ရပေမဲ့၊ ဒါဟာ မဟာအမှားပါဘဲ။
စဉ်းစားကြည့်ပါ။ ထာဝရတည်တဲ့ နေရာကို သင်ရောက်နိုင်ပါဦးမလား ... ??? ။

ကားတိုင်လမ်းဟာ မလွယ်ကူလှပါဘူး။
အလွန်ကြီးမားတဲ့ ချောက်ကမ်းပါး ကြီးခြားနေသလို အလှမ်းကွာဝေးလှပါတယ်။
ခရစ်တော်၏ ကားတိုင်ကိုသာ ထမ်းပြီး၊ သင်မလျှောက်ဘူးဆိုလျှင်တော့၊ ဘုရားရှင်နဲ့ ဝေးသထက်ဝေးနေရာမှာ သင်ကျန်ရစ်နေပါလိမ့်မယ်။

အနည်းငယ်သော လူစုလောက်သာ ခရစ်တော်ကိုယ်တော်တိုင် ခံစားခဲ့ရသော နာကျင်ခြင်း ဒုက္ခဝေဒနာအမျိုးမျိုးတို့ကို မိမိတို့၏ အသက်တာမှာ သိက္ခာရှိရှိ၊ တည်ကြည်စွာနဲ့ ခံယူပြီး၊ ကားတိုင်ထမ်းခြင်းအရာ၌၊ အသက်သရဖူကို ဆောင်းလျှက်၊ ခရစ်တော်ကို ယုံကြည်ကိုးစားခြင်းဖြင့် အောင်မြင်စွာနဲ့ ချီးမွမ်းကျူး၍၊ ဘုရားရှင်၏ ဘုန်းတော်ကို ထင်ရှားလျှက် ရှိနေပါပြီ။

> ❖❖ *ငါတို့ကိုချစ်တော်မူသော သခင်ယေရှု၏ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏။ ရောမ၊ ၈း၃၇၊*

တမန်တော်ကြီးရှင်ပေါလုက ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက် ဟုပြောခဲ့ပါတယ်။ ကျွန်ုပ်တို့ဟာ သခင်ခရစ်တော်နှင့် အတူ ဆင်းရဲဒုက္ခကို ခံရလျှင်၊ ထိုသခင်နှင့် ဆက်ဆံသောအမွေခံများဖြစ်သည့်အတွက် ထူးမြတ်တဲ့လွတ်ခြင်းချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်းချမ်းသာကို ဝင်စားမည်ဟု မြော်လင့်ရသောအခွင့်ကို ရရှိတဲ့အတွက် ကျေးဇူးတော်သည် ကြီးလှပါတကား။

> ❖❖ *အများသော သူတို့သည် ကျေးဇူးတော်ကို ချီးမွမ်းသည်နှင့်၊ ထိုကြွယ်ဝသော ကျေးဇူးတော်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည် အကြောင်း၊ ခပ်သိမ်းသော အရာတို့သည် သင်တို့အဘို့အလို့ငှါဖြစ်သတည်း။ ယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်၏။ ကော၊၄း၁၈၊*





# ဒို့များရဲ့သခင်

- သခင့်ကိုဆွဲခေါ်တော့
ဒို့များ ... ပါမလား ... ဝေးနေရာသို့ ... ရှောင်ဖယ်သွား၊

- သခင့်ကိုကားတိုင်တင်
ဒို့များ ... ဖေးကူခြင် ... ခပ်လှမ်းလှမ်းမှ ... ဒေါသဝင်၊

- သခင့်ကိုကဲ့ရဲ့ပြစ်တင်
ဒို့များ ... မတွေ့ခင် ... နောက်တော်ပါးက ... ပြန်ပြေးခြင်၊

- သခင့်ကိုသံမှိုရိုက်
ဒို့များ ... ခေါင်းငိုက်စိုက် ... တိုင်တော်ရင်းနား ... ကျရှုံးလိုက်၊

- သခင်ကိုသင်္ဂြိုဟ်
ဒို့များ ... ရင်တွေဖို ... သချိုင်းပွင့်လင်း ... လူသူကင်း၊

- ဒို့များသခင် ... ထမြောက်လေပြီ
မယုံတစ်ဝက် ... ယုံတစ်ဝက်နှင့်
ယုံရန်အလွန်ခက် ... ထွန်းလင်းအသက်၊

- ဒို့များသခင် ... အံ့သြနေစဉ်
တစ္ဆေလို့ထင် ... စိတ်တွင်ထိတ်လန့်
ကြောက်ရွံ့ပုံများ ... ယခင်နှင့်မခြား၊


- ဒို့များသခင် ... ကိုယ်တိုင်ထင်ရှား
အတူသွားကာ ... တာဝန်အပ်ခဲ့
ကမ္ဘာဆုံးတိုင် ... စေခိုင်းချက်။


- ဒို့များသခင် ... ကြည့်ရှုစဉ်ပင်
လက်ချီကောင်းကြီး ... မိုးထိပင့်ဆောင်
ဂုဏ်တော်ကား ... တဖန်ကြွဆင်း ... စောင့်လေမင်း။

♠ Smile

# ကာတွန်းသရုပ်ပေါ်

ယောဟန်


ကျွန်ုပ်တို့သည်မိမိကားတိုင်ကိုထမ်းပြီး
ခရစ်တော်နောက်သို့လိုက်ကြသည်။
ကားတိုင်တော်သည်လေးသဖြင့်ပေါ့သွား
စေရန်အလိုတော်မဟုတ်ဘဲကိုယ့်နည်းကိုယ့်
ဟန်ဖြင့်ဖြတ်လိုက်သည်။
ပေါ့သွားသဖြင့်ကားတိုင်တိုကိုထမ်းပြီး
သီချင်းဆိုလျှက်ဘဝလမ်းခရီးကိုဆက်
လျှောက်သည်။
Halleluiah
ဘဝခရီးလမ်းတွင်ကြောက်မက်ဖွယ်ကောင်း
သောအပြစ်ချောက်ကမ်းပါးနက်ကို
ကြုံတွေ့သောအခါ
ခရစ်တော်၏နဂိုမူလကားတိုင်တော်သည်လေးသော်လည်းအပြစ်
ချောက်ကမ်းပါးကိုကျော်ဖြတ်ရန်အရှည်လုံလောက်၏။လေးသော
ကားတိုင်ကိုထမ်းလာသဖြင့်ကြမ်းတမ်းသောဘဝကိုလည်းပိုခံနိုင်
ခွမ်းရှိလာသည်။
ပန်းတိုင်သို့သွားသော
ဘဝလမ်းခရီး
ဖြတ်ထားသောကားတိုင်မှာမူကား
ပေါ့သော်လည်းတိုလွန်းသဖြင့်
အပြစ်ချောက်ကမ်းပါးကိုဖြတ်ရန်အရှည်မလုံလောက်ပါ။
ရှင်လုကာခရစ်ဝင်
အခန်းကြီး၁၄၊
အခန်းငယ်၂၇။
အကြင်သူသည်
မိမိလက်ဝါးကပ်တိုင်
ကိုထမ်း၍
ငါ့နောက်သို့
မလိုက်၊
ထိုသူသည်ငါ့တပည့်
မဖြစ်နိုင်ရာ။


The Cross of Jesus Christ
♠ Smile
The Cross is an instrument of tortour
The Cross is a slow agonizing death
The Cross exposes man and presents him for show
The Cross leaves nothing hidden but exposes all
The Cross is judgement for man
The Cross is forgiveness for man
The Cross is salvation for man
The Cross is the anthem for Christians
The Cross is the wisdom of God
The Cross is the power of God
The Cross is the justice of God
The Cross is the holiness of God
The Cross is the supreme love of God
The Cross is the mission of Jesus
The Cross is obedience of Jesus
The Cross is the love of Jesus
The Cross is the glory of Jesus
The Cross is where God does all the work
The Cross demonstrates the power of God to save
The Cross reconciles pay our debt
The Cross is the symbol of Christianity....
What we believe....
Even though Jesus Christ was crucified
He was raised up the dead three days later.
The Cross is foolishness of perishing
Let's Glory in the Cross of Jesus Christ.

# A PENNY




*You always hear the usual stories of pennies on the sidewalk being good luck, gifts from angels, etc.*

*This is the first time I've ever heard this twist on the story... Gives you something to think about. Several years ago, a friend of mine and her husband were invited to spend the weekend at the home of her husband's employer.*

*My friend, Arlene, was nervous about the weekend. The boss was very wealthy, with a fine home on the waterway, and cars costing more than her house.*

*The first day and evening went well, and Arlene was delighted to havethis rare glimpse into how the very wealthy live. Her husbands' employer was quite generous as a host, and took them to the finest restaurants.*

*Arlene knew she would never have the opportunity to indulge in this kind of extravagance again so was enjoying herself immensely.*

*As the three of them were about to enter an exclusive restaurant one evening, the boss was walking slightly ahead of Arlene and her husband.He stopped suddenly, looking down on the pavement for a long, silent moment.*

*Arlene wondered if she was supposed to pass him. There was nothing on the ground except a single darkened penny that someone had dropped, and a few cigarette butts. Still silent, the man reached down and picked up the penny.*

*He held it up and smiled, then put it in his pocket as if he had found a great treasure.*

*How absurd! What need did this man have for a single penny? Why would he even take the time to stop and pick it up?*

*Throughout dinner, the entire scene nagged at her. Finally, she could stand it no longer. She casually mentioned that her daughter once had a coin collection, and asked if the penny he had found had been of some value.*

*A smile crept across the mans' face as he reached into his pocket for the penny and held it out for her to see. She had seen many pennies before! What was the point of this?*

*"Look at it," he said, "read what it says."*

*She read the words, "United States of America ..."*

*"No, not that. Read further."*

*"One cent?"*

*"No, keep reading."*

*"In God we Trust?"*

*"Yes!"*

*"And..?"*

*"And, if I trust in God, the name of God is holy, even on a coin. Whenever I find a coin, I see that inscription. It is written on every single United States coin, but we never seem to notice it!*

*God drops a message right in front of me telling me to trust Him. Who am I to pass it by? When I see a coin, I pray. I stop to see if my trust IS in God at that moment. I pick the coin up as a response to God; that I do trust in Him. For a short time, at least, I cherish it as if it were gold.*

*I think it is Gods' way of starting a conversation with me. Lucky for me, God is patient and pennies are plentiful!"*

*When I was out shopping today, I found a penny on the sidewalk. I stopped and picked it up, and realized that I had been worrying and fretting in my mind about things I cannot change.*

*I read the words, "In God We Trust," and had to laugh.*

*"Yes, God, I get the message!"*

*It seems that I have been finding an inordinate number of pennies in the last few months, but, then, pennies are plentiful! And, God is patient.*

## Thought for the Day:

*If God had a refrigerator, your picture would be on it.*
*If He had a wallet, your photo would be in it.*
*He sends you flowers every spring.*
*He sends you a sunrise every morning.*
*Face it, friend, He is crazy about you!*
*God didn't promise days without pain, laughter without sorrow, sun without rain, but, He did promise strength for the day, comfort for the tears, and light for the way.*



*Read this line very slowly and let it sink in.*
*"If God brings you to it, HE will get you through it!*
*Have trust in HIM!"*